## မာတိကာ


| | |
|---|---|
| * တည်းဖြတ်သူ၏ အဖွင့် | (က) |
| * ဆရာဦးမြကြိုင်၏အမှာ | (ဈ) |
| * စာရေးသူ၏အမှာ | (ဍ) |
| (၁) မေတ္တာတရား | ၁ |
| (၂) ကရုဏာတရား | ၇ |
| (၃) မုဒိတာတရား | ၁၀ |
| (၄) ဥပေက္ခာတရား | ၁၂ |
| (၅) အချိန့်တန်ဖိုး | ၁၅ |
| (၆) ဘဝတန်ဖိုး | ၁၉ |
| (၇) ဘဝတန်ဖိုး-၂ | ၂၂ |
| (၈) အောင်စိတ် | ၂၈ |
| (၉) တွန်းအား | ၃၄ |
| (၁၀) သတိပြုပါ | ၄၀ |
| (၁၁) မိုက်မဲမှု | ၄၉ |
| (၁၂) ငြိမ်းချမ်းရေး | ၅၄ |
| (၁၃) တာဝန်နဲ့ ဝတ္တရား | ၅၈ |
| (၁၄) တစ်ကိုယ်ကောင်းဆန်မှု | ၆၂ |
| (၁၅) ကိုယ်ချင်းစာတရား | ၆၆ |
| (၁၆) စိတ်ချမ်းသာမှု | ၆၉ |


မာတိကာ


| | |
|---|---|
| (၁၇) ပရဟိတ | ၇၅ |
| (၁၈) အသိပညာ | ၈၂ |
| (၁၉) ပကိဏ္ဏက (ရောယှက်ခြင်း) | ၉၀ |
| (၂၀) စကား | ၉၈ |
| (၂၁) သူတော်ကောင်းတွေ ရှိစေချင် | ၁၀၁ |
| (၂၂) အကန်းတို့ရဲ့ ဝက်ပါ | ၁၀၆ |
| (၂၃) လူဖြစ်ရတဲ့ ရည်ရွယ်ချက် | ၁၁၁ |
| (၂၄) စာပေကို ချစ် အနှစ်ကိုရှာ | ၁၁၄ |
| (၂၅) တရားမဲ့ရင် အလှမဲ့ပါတယ် | ၁၁၇ |
| (၂၆) ဘဝရဲ့ အဆင့်အတန်း | ၁၂၀ |
| (၂၇) ပြောင်းလဲခြင်းကို အားပေးပါ | ၁၂၃ |
| (၂၈) ခေတ်သစ် ပစ္စန္တရစ် | ၁၂၆ |
| (၂၉) အဆိုးဆုံးအန္တရာယ် | ၁၂၉ |
| (၃၀) စိတ်ထားကောင်းမှ ကံကောင်းပါတယ် | ၁၃၂ |
| (၃၁) ခေါင်းဆောင်ကောင်းဆိုတာ | ၁၃၄ |
| (၃၂) ဉာဏ်မဲ့ရင် ကံမဲ့ပါတယ် | ၁၃၇ |
| (၃၃) အတ္တရုပ်ပုံလွှာ | ၁၄၀ |
| (၃၄) စဉ်းစားသင့်တာ စဉ်းစားပါ | ၁၄၃ |
| (၃၅) အချိန်တန်ရင် သိလိမ့်မယ် | ၁၄၇ |
| (၃၆) အားတင်းထားပါ ကလေးရယ် | ၁၅၀ |
| (၃၇) ကျေးဇူးတရားကို နားလည်ပါ | ၁၅၄ |
| (၃၈) အမေးရှိရင် အဖြေရှိရမယ် | ၁၅၆ |
| (၃၉) လူကြီးလူကောင်း | ၁၅၈ |





## (၁၃) တာဝန်နဲ့ ဝတ္တရား

- ♣ ဘာတာဝန်မှ မသိတဲ့လူမှာ ဘာတာဝန်မှ မရှိဘူး။ ဘာတာဝန်မှ မရှိတဲ့လူမှာ ဘာမှတန်ဖိုးထားစရာ မရှိဘူး။
- ♣ လောကတာဝန်ကျေပွန်သူဆိုတာ မိမိနေထိုင်ရာ ပတ်ဝန်းကျင်လောကရဲ့ လိုအပ်ချက်ကို မိမိစွမ်းနိုင်ရာဘက်က မြှင့် တင်ဆောင်ရွက်ပေးသွားနိုင်သူသာ ဖြစ်ပါတယ်။
- ♣ တာဝန်ကျေပါ။ ဝတ္တရားကို နားလည်ပါ။ ဒါပေမဲ့ သံယောဇဉ်တော့ မတွယ်ပါနဲ့။
- ♣ တာဝန်မသိမှုနဲ့ ဝတ္တရားမရှိမှုဟာ တိုးတက်မှုမှန်သမျှကို ဖြိုလှဲပစ်မဲ့ အဓိကရန်သူတွေပါ။
- ♣ တာဝန်နဲ့ ဝတ္တရားကို တကယ်နားလည်တဲ့သူဟာ ဘယ်အရာကိုမှ ဝတ်ကျေတန်းကျေ မလုပ်ဘူး။
- ♣ မိမိလုပ်ရမဲ့ အလုပ်အပေါ်မှာ ဝတ်ကျေတန်းကျေလုပ်တာလောက် အဲဒီအလုပ်ကို ဂုဏ်ပျက်စေတာ မရှိ။
- ♣ လူတိုင်းမှာ တာဝန်ရှိတယ်။ ဝတ္တရားလဲရှိတယ်၊ တာဝန်မဲ့၊ ဝတ္တရားမဲ့နေရင်တော့ လူ့ပီသမှုမဲ့နေမှာ သေချာတယ်။
- ♣ တာဝန်ကို တာဝန်လိုသဘောထားပြီး ဆောင်ရွက်မယ်၊ ဝတ္တရားကို ဝတ္တရားလို သဘောထားပြီး ပြုကျင့်မယ်ဆိုရင် အဲဒီလူရဲ့ ဘဝဟာ အောင်မြင်တဲ့ ဘဝပါပဲ။
- ♣ မိမိပတ်ဝန်းကျင်ရဲ့ တိုးတက်ဖွံ့ဖြိုးမှုကို မေ့လျော့ထားတဲ့ လူတစ်ယောက်ရဲ့ အောင်မြင်မှုဟာ ပင်လယ်ပြင်မှာ ကျောက်ခဲတစ်လုံး လိမ့်ဆင်းကျသွားတာလို ဘာမှ အံ့ဩဖွယ်ကောင်းမှာ မဟုတ်ပါ။
- ♣ တာဝန်မဲ့မှုနဲ့ဝတ္တရားပျက်ကွက်မှုတွေများတဲ့ နေရာမှာ ဘာတိုးတက်မှုတွေမှလဲ ရှိမလာနိုင်။ ဘာငြိမ်းချမ်းမှုမှလဲ စီးဆင်းလို့ မလာနိုင်ပါ။
- ♣ စည်းကမ်းရှိမှ တိုးတက်မယ်။ "စည်းကမ်းသည် လူ၏ တန်ဖိုး"လို့ ဆိုပေမဲ့ စီးပြီးကန်းတဲ့ စီးကန်းကတော့ ဒေသတစ်ခု (သို့မဟုတ်) နိုင်ငံတစ်ခုကို အမှောင်ကျဖို့ သေချာတယ်။
- ♣ တာဝန်သိတယ်ဆိုတာ မိမိရောက်ရာ, နေရာမှာ မိမိဘက်က ဖြည့်စွမ်းပေးနိုင်မှုကို စဉ်းစားခြင်း၊ ပြောဆိုဆွေးနွေးခြင်း၊ အကြံဉာဏ်ဖလှယ်ခြင်းပင် ဖြစ်တယ်။

တာဝန်ကျေတယ်ဆိုတာက-ထိုစဉ်းစားဆင်ခြင်မှုတွေကို လက်တွေ့အကောင်အထည်ပေါ် လာအောင် ဆောင်ရွက်ပေးလိုက်ခြင်းပင် ဖြစ်တယ်။